# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၉)

## မာတိကာ


◆ ဤကျမ်းကိုမရှုစားမီ

အပိုင်း (၁)

◆ ၂၀၁၈ ခုနှစ်ဖြစ်ရပ်များ ၁

အပိုင်း (၂)

| | | |
|---|---|---|
| ◆ ကမ္ဘာ့မြေအောက်ရေအခြေအနေ | ကျော်ဦး | ၆၇-၇၀ |
| ◆ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းမည့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ | ဒေါက်တာစန်းဝင်း (ရှေးဟောင်းသုတေသန) | ၇၁-၇၆ |
| ◆ ထုံးကျောက်မြေပြင်သဏ္ဍာန်များ | ဒေါက်တာအေးမြင့် | ၇၇-၈၂ |
| ◆ မြန်မာတိုင်းရင်းသားတို့၏ တဘူးထုံးစံများ | မနုသကျော်ဝင်း (အမျိုးသားစာပေဆုရ) | ၈၃-၈၈ |
| ◆ သမားရိုးကျမဟုတ်သော လုံခြုံရေးပြဿနာများ | အေးထွန်းမင်း | ၈၉-၉၂ |
| ◆ အစားအသောက်အန္တရာယ်များ | ဒေါက်တာခင်မောင်လွင်(Fame) | ၉၃-၉၈ |
| ◆ အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံ | ဒေါက်တာနီနီနိုင် | ၉၉-၁၀၄ |

အပိုင်း (၃)

◆ ၂၀၁၈ ခုနှစ်အကြောင်းရပ်များ (အက္ခရာစဉ်) ၁၀၇

◆ အက္ခရာစဉ်အညွှန်း ၃၀၁


# ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်းအတွဲ (၁၅) တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန် စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၁၈ ခုနှစ်အတွင်း ထင်ရှားသည့် အဖြစ်အပျက်အချို့ကို ပြုစုပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၀) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းကို စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၁၈ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ ရက်စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ကမ္ဘာ့မြေအောက်ရေ အခြေအနေ၊ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းမည့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ၊ ထုံးကျောက်မြေပြင်သဏ္ဍာန်များ၊ မြန်မာတိုင်းရင်းသားတို့၏ တဘူးထုံးစံများ၊ သမားရိုးကျမဟုတ်သော လုံခြုံရေးပြဿနာများ၊ အစားအသောက်အန္တရာယ်များနှင့် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံဟူသည့် အကြောင်းအရာတို့ကို စုစည်းဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ် အလိုက် ကျွမ်းကျင်သူပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယ ပိုင်းတွင် ဖော်ပြထားသောအကြောင်းအရာများသည် ၂၀၁၈ ခုနှစ်၌ ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကြောင်းအရာများ ဖြစ်ပါသည်။ အကြောင်းအရာများကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ အကြောင်းအရာများကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြရာတွင် နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များ နည်းတူ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနှင့်နိုင်ငံတကာတွင် ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းအရာများတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ- စွယ်စုံနှစ်ချုပ် ၂၀၁၈) နှင့် စာမျက်နှာအမှတ်ကိုဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ ၂၀၁၈ ခုနှစ်ပါ အကြောင်းအရာများနှင့် ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းအရာနှင့်ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။